# စာနာကူညီ လက်တွဲမည်

Myanmar Mobile Education Project
myME
mymeproject.org



LB2-0205


ကျောင်းဆင်းချိန်
နွယ်နွယ်၊ သီတာ နှင့် လှလှ တို့သည် တစ်ကျောင်းတည်း၊ တစ်တန်းတည်းမှ ဖြစ်ကြသဖြင့် အလွန်ချစ်ကြသည့် သူငယ်ချင်းများဖြစ်ကြသည်။
ဒီနေ့ အတန်းထဲ အသစ်ရောက်လာတဲ့ ကျောင်းသူရဲ့ နာမည်က ဘာတဲ့လဲ သီတာရေ။
အင်း . . ပွင့်ဖြူလို့ ထင်ထာပဲ။ ဟုတ်တယ် မဟုတ်လား လှလှ။


ပွင့်ဖြူတို့မိသားစုအကြောင်း လှလှ သိနေသည်။
ဟုတ်တယ် . . ဟုတ်တယ်။ ဟို . . . ဘာတဲ့ . . . . မြို့နာမည်တောင် မေ့သွားပြီ။ ကျောက်စိမ်းတွေအရမ်းထွက်တယ်လို့ပြောတဲ့ မြို့လေ . . သူက တို့ဖေဖေ့မိတ်ဆွေရဲ့ သမီးပဲ။ ဖေဖေပြောလို့ သိတာလေ။ ပွင့်ဖြူအဖေက မိသားစုကိုသူအလုပ်လုပ်မယ့် မြို့ကို ခေါ်သွားခဲ့တာတဲ့။


သီတာသည် ပွင့်ဖြူတို့ ကျောက်စိမ်းထွက်သည့် ဒေသမှ
ပြောင်းလာသည်ဆိုသဖြင့် စိတ်ဝင်စားသွားသည်။
သူ့အတွေးနှင့် သူ လှုလှုအား . . .
ဒါဆို သူတို့ ချမ်းသာမှာပေါ့နော်။
အေး ချမ်းသာတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့နှစ်က ပွင့်ဖြူ အဖေ အေအိုင်ဒီအက်စ်ရောဂါနဲ့ ဆုံးသွားတယ်တဲ့။ ဒါနဲ့ ကျန်တဲ့ မိသားစုလဲ သူတို့ ဇာတိ ဒီမြို့ကို ပြန်ပြောင်းလာတာတဲ့။


သီတာတစ်ယောက် ပွင့်ဖြူအကြောင်း အကြောင်းစုံ သိသွားသော
အခါ တုန်လှုပ်သွားသည်။ နွယ်နွယ်က သီတာအား နားလည်သ
ဘောပေါက်အောင် သေချာရှင်းပြသည်။
အိုး . . . အိတ်ဒ်စ် ရောဂါနဲ့ သေသွားခဲ့တဲ့လူရဲ့ မိသားစုနဲ့ မိတ်ဆွေလုပ်ရမှာ ကြောက်စရာကြီး။
ဒါပေမဲ့ . . ငါ့ ဦးလေး ဆရာဝန်က ပြောတယ်။ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နဲ့ သေသွားတဲ့ သူကြောင့် ကျန်တဲ့မိသားစုကို မဆက်ဆံဘူးဆိုတာ မဖြစ်သင့်ဘူး


ညရောက်သည့်အခါ နွယ်နွယ်သည် ဖေဖေနှင့် မေမေအား ပွင့်ဖြူတို့မိသားစု အကြောင်းအား ပြန်ပြောပြမိသည် . . .
. . . သူတို့ အဖေ ဆုံးသွားတော့ မိသားစုက ဒီကို ပြန်ပြောင်းလာ တာတဲ့။


ဖေဖေနှင့် မေမေတို့သည် ပွင့်ဖြူတို့မိသားစု အကြောင်း အရင်ကတည်းက သိနေကြောင်း ပြောပြသည် . . .
သူတို့ကို ဖေဖေနဲ့ မေမေ သိတယ်။ လွန်ခဲ့တဲ့ ၈ နှစ် လောက်တုံးက သူတို့မိသားစု ဒီမြို့ကနေ ထွက်သွားကြတယ်။ အရင်က သူတို့ ရပ်ကွက် ဟိုဘက်ထိပ်မှာ နေတာ။
ဟုတ်တယ် . . ကိုပွင့်ကြူနဲ့ သူ့ဇနီး ဖြူဖြူပြုံး တို့ အလုပ်ရှာဖို့ဆိုပြီး ထွက်သွားကြတာ ပဲ။ ကလေးမလေးကိုလဲ သူတို့ခေါ်သွားကြတာလေ . .

ပွင့်ဖြူတို့ အိမ်တွင် ဖြစ်သည်။
ပွင့်ဖြူသည် ထမင်းကို ကဗျာကယာစားနေရသည်။ စားပြီးလျှင် ပွင့်ဖြူ အတွက်တစ်ခြား လုပ်စရာတွေ တန်းစီနေသည်။ ပွင့်ဖြူမေမေသည် ထမင်းခွံ့နေရာမှ သားအငယ်ဆုံး သိန်းကြူအား . . . . .




ဒေါ်ဖြူဖြူပြုံးသည် သူမ၏ခင်ပွန်းဆုံးပြီးနောက်ပိုင်းတွင် အရာရာကို စိတ်တိုင်းမကျဘဲ အမြဲလိုလိုစိတ်တိုနေတတ်သည်။ ကလေးများ အပေါ်တွင်လည်း စိတ်မရှည်ချင်တော့။ ဘာကြောင့် ဒီလိုဖြစ်ရသည်ကို ပွင့်ဖြူအတွက် စဉ်းစားရခက်လှသည်။





နွယ်နွယ်သည် ရိုသားတည်ငြိမ်သော ပွင့်ဖြူအား ခင်မင်မိသည်။ အရွယ်နှင့်မလိုက်အောင် စိတ်ဖိစီးမှုခံစားနေရသော ပွင့်ဖြူအား ဖြေသိမ့်ပေးနိုင်ရန်အတွက် နွယ်နွယ်တစ်ခုခုလုပ်ပေးချင်သည်။ သီတာက ပွင့်ဖြူနှင့် အပေါင်းအသင်းလုပ်သော နွယ်နွယ်နှင့် လှလှတို့အား အခေါ်အပြော မလုပ်တော့ . . .
ပွင့်ဖြူ မောင်လေးမှာ အိပ်ချ်အိုင်ဗွီ၊အေအိုင်ဒီအက်စ် ရှိနေတာ ဘယ်ယူမှမပြောနဲ့နော်။
ဒါပေမဲ့ သီတာက သိပြီးနေပြီ။


နွယ်နွယ်သည် ပွင့်ဖြူအား နှစ်သိမ့်အားပေးနေရင်း ပွင့်ဖြူအတွက်ဘာလုပ်ပေးလျှင် ကောင်းမည်ဆိုသည်ကို ဖေဖေ မေမေတို့နှင့် တိုင်ပင်ရန် စိတ်ကူးမိသည်။
တို့ . . သိပ် စိတ်ညစ်တာပဲ။ သေတောင်သေချင်တယ်။
ပွင့်ဖြူ တော်တော်ခံစားနေရမယ်ဆိုတာ နားလည်ပါတယ်။ တို့တွေလည်း ရှိသားပဲ။ ပြဿနာကိုဝိုင်းပြီး ဖြေရှင်းကြတာပေါ့။


ညနေပိုင်းတွင် နွယ်နွယ်သည် ဖေဖေ မေမေတို့နှင့်အတူ ပွင့်ဖြူအတွက် မည်သို့ကူညီရမည်ကို တိုင်ပင်ကြသည်။ ဖေဖေသည် အကောင်းဆုံး ဖြေရှင်းနိုင်မည့် နည်းလမ်းကို သေသေချာချာစဉ်းစား နေသည်။
. . . . အငယ်ဆုံးလေးရဲ့ ကျန်းမာရေးက ပိုဆိုးလာတယ်တဲ့။ အမေကလဲ သူ့ကို ဂရုမစိုက်ဘူး
သနားစရာပဲကွယ်။ ကျွန်မတို့ ဘာလုပ်ပေးနိုင်မလဲ အကို။ အိမ်နီးချင်းတွေကလဲ ဖြူဖြူပြုံးတို့အိမ် အဝင်အထွက်ကြဲသွားပြီ။ ကလေးတွေကလဲ ပွင့်ဖြူမောင်လေးတွေနဲ့ မကစားတော့ဘူး။ ပွင့်ဖြူကိုယ်တိုင်လဲ ကျွန်မတို့သမီးနဲ့ လှလှဘဲ မိတ်ဆွေ ရှိတော့တယ်။


အေးပေါ့လေ။ ပြဿနာဖြစ်လာရင် ရှင်းလို့ရမယ့်နည်းလမ်းရှိမှာပဲ။ ဖေဖေတို့ တစ်ခုခုတော့ လုပ်ပေးမှပဲ။ သမီး နွယ်နွယ်နဲ့ လှလှတို့ ပွင့်ဖြူအိမ်ကိုသွားပြီး အားပေးစကား ပြောလို့ဆိုပြီး သူတို့ သူငယ်ချင်း မသီတာ ကလဲအခု သမီးတို့ကို မခေါ် မပြော တော့ဘူး မဟုတ်လား။
ဟုတ်တယ် ဖေဖေ။ ဒါပေမယ့် သီတာ တစ်နေ့နေ့မှာ သမီးတို့အပေါ် နားလည်လာမှာပါ . . .

ဖေဖေ၏ ဆက်သွယ်စည်းရုံးမှုကြောင့် ပွင့်ဖြူမိဘများ၏မိတ်ဆွေဟောင်းများနှင့် နွယ်နွယ်တို့ မိသားစုတို့သည် ပွင့်ဖြူတို့အိမ်သို့ သွားရောက်၍ အားပေးစကား ပြောဖြစ်ကြသည်။




နောက်တစ်နေ့ . . . . .
ပွင့်ဖြူ လှလှနဲ့ နွယ်နွယ်တို့ ကျောင်းသို့အတူတူလာနေစဉ်
နောက်မှသီတာ့ ခေါ်သံကြောင့် သုံးယောက်စလုံး အံ့အားသင့်
စွာ ပြိုင်တူလှည့်ကြည်ကြသည်။
ဟိတ် . . သူငယ်ချင်းတို့။
ကိုယ့်ကိုစောင့်ပါအုံး။
တို့လဲမင်းတို့နဲ့အတူ
ကျောင်းသွားမယ်။

သီတာသည် ပွင့်ဖြူပုခုံးကိုခိုင်ကာ သူမအမှားအတွက် ပွင့်ဖြူအားတောင်းပန်
ရှာသည်။ သီတာသည် ပွင့်ဖြူနှင့် နွယ်နွယ်တို့အားလုံးအပေါ် နားလည်
သွားပြီထင်သည် . .
မောင်လေး ဘယ်လိုနေသေးလဲပွင့်ဖြူ။
သူ့အတွက် တကယ်စိတ်မကောင်းပါဘူး။
တို့ဆက်ဆံခဲ့ပုံတွေအတွက်လဲ တောင်းပန်ပါတယ်။
တစ်အိမ်တည်းအတူနေရုံနဲ့ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီ
အက်စ်က မကူးနိုင်ဘူးဆိုတာ တို့လဲအခုတော့
သိပါပြီ။ ကျန်းမာရေးဟော
ပြောပွဲကနေ သိခဲ့တာလို့
တို့ဖေဖေက ပြန်ပြော
ပြတယ်။


တို့ပြောတော့ မယုံဘဲကိုး။ တို့ဦးလေး က ဆရာဝန်ပဲ။ ရောဂါရှင်နဲ့ မိသားစု ကို အားပေးတာ၊ ချစ်ခြင်းမေတ္တာနဲ့ ယုယမှုပေးတာက ပိုအရေးကြီးတယ်လို့ ဦးလေးက ပြောတယ်။
တောင်းပန်နေသည့် သီတာ၏ အမူအယာကြောင့် အားလုံး ပျော်သွားသည်။ ပွင့်ဖြူ၏ ချစ်စရာအပြုံးတို့ကိုလည်း နွယ်နွယ် အခုမှမြင်ရတော့သည်။


ပွင့်ဖြူသည် နွယ်နွယ်နှင့် လှလှ တို့ကို အရမ်းကျေးဇူးတင်နေမိသည်။
နွယ်နွယ်နဲ့ လှလှကို အရမ်းကျေးဇူးတင်ပါတယ်။ မင်းတို့နှစ်ယောက်သာ အားပေးကူညီမှုမရှိရင် ပြဿနာတွေကို ရင်ဆိုင်ရဲမှာ မဟုတ်ဘူး။